# ရှမ်းပြည်အတွင်း အခြေအနေအကျဉ်းချုပ်

သုံးလတာကာလအတွင်း ရှမ်းပြည်တောင်ပိုင်းနှင့်မြောက်ပိုင်းတွင် လက်နက်ကိုင်အဖွဲ့အစည်းများကြား ဆက်လက် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူများမှာ စိုးရိမ်ကြောင့်ကြမှုများဖြင့် နေထိုင်နေကြရသည်။ မြေမြှုပ်မိုင်းများအသုံးပြုခြင်း၊ အင်အားအလွန်အကျွံသုံး တိုက်ခိုက်ခြင်း၊ တိုက်လေယာဉ်များဖြင့် တိုက်ခိုက်ခြင်း စသည်တို့ကြောင့် ဒေသခံပြည်သူများ ဒဏ်ရာအများအပြား ရရှိခဲ့ကြသည်။ ရှမ်းပြည်၏ အရှေ့မြောက်ပိုင်းသည် ပဋိပက္ခ၏ ဗဟိုအချက်အခြာကျသော နေရာများဖြစ်သည်။

ရှမ်းပြည်မြောက်ပိုင်း နှင့် တောင်ပိုင်းတွင် လက်နက်ကိုင်အဖွဲ့အစည်းများ၏ မြေမြှုပ်မိုင်းသုံးစွဲမှုကြောင့် အနည်းဆုံး (၁၄) ဦး သေဆုံးပြီး၊ ကလေးငယ်အပါအဝင် အများအပြား ဒဏ်ရာရရှိခဲ့သည်။ အောက်ပါအကြောင်းအရာများက ရှမ်းပြည်အတွင်း ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာတစ်ချို့ဖြစ်သည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်နေ့ - သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ-RCSS နှင့် မြောက်ပိုင်းမဟာမိတ်အဖွဲ့ (Northern Alliance) တို့ စစ်ရေးပဋိပက္ခဖြစ်ပွားခဲ့သည့် သီပေါမြို့နယ်အတွင်း စစ်ဘေးရှောင် သုံးဦး မြေမြှုပ်မိုင်းနင်းမိပြီး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်နေ့ - ကျောက်မဲမြို့နယ်အတွင်း လက်ဖက်ခြံသွားသည့် ဒေသခံနှစ်ဦး မြေမြှုပ်မိုင်းနင်းမိရာမှ တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့သည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်နေ့ - မိုင်းယော်စစ်ဘေးရှောင်စခန်းတွင် နေထိုင်သည့် ပြည်သူများ စခန်းမှ အိမ်သို့ပြန်လာစဥ် မြေမြှုပ်မိုင်းနင်းမိပြီး ငါးနှစ်ကလေးငယ်အပါအဝင် (၃) ဦးသေဆုံးကာ (၅) ဦး ထိခိုက် ဒဏ်ရာရရှိခဲ့သည်။




လွန်ခဲ့သည့် သုံးလအတွင်း စစ်ကောင်စီမှ မတရားဖမ်းဆီးနှိပ်စက်ခြင်း နှင့် အပြစ်မဲ့ပြည်သူလူထုကို ပစ်ခတ်သတ်ဖြတ် ခြင်းများတွင် အောက်ဖော်ပြပါအကြောင်းအရာများပါဝင်သည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့ - မိုးမိတ်မြို့နယ်တွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များက ဆိုင်ကယ်စီးလာသည့် ဒေသခံလူငယ် နှစ်ဦးကို ပစ်ခတ်ခဲ့ပြီး တစ်ဦးမှာ ပွဲချင်းပြီးသေဆုံးသွားကာ ကျန်တစ်ဦးမှာ အပြင်းအထန် ဒဏ်ရာ ရရှိခဲ့သည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်နေ့ - ကျောက်မဲမြို့ စစ်ဘေးရှောင်တစ်ဦးသည် စစ်ကောင်စီ၏ ညှင်းပမ်းနှိပ်စက်မှုကြောင့် အပြင်းအထန် ဒဏ်ရာရရှိကာ သေဆုံးသွားခဲ့သည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်နေ့ - ရွာငံတွင် စစ်ကောင်စီတပ်ဖွဲ့ဝင်မှ လူတစ်ဦးကို ပစ်ခတ်ပြီး လူငယ်သုံးဦးကို အကြောင်းပြချက်မရှိဘဲ ဖမ်းဆီးခဲ့သည်။

၂၀၂၂ ခုနှစ်  ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်နေ့ - မိုးဖြဲတွင် စစ်ကောင်စီမှ လက်နက်ကြီးဖြင့်ပစ် ခတ်မှုကြောင့် အသက် ၇၀ အဘိုးတစ်ဦးသေဆုံးပြီး ၁၄ နှစ်အရွယ် မိန်းကလေး နှင့် လူငယ်သုံးဦး ဒဏ်ရာ ရရှိခဲ့သည်။

အထက်ပါအဖြစ်အပျက်များအပြင် ဒေသတွင်းစစ်ဘေးရှောင်စခန်းတွင် နေထိုင်သည့်သူများကို ကူညီထောက်ပံ့မှု ပြုနေသော ဒေသခံလူငယ်များကို ဖမ်းဆီးထောင်ချခြင်းများလည်း ရှိနေသည်။ ဖေဖော်ဝါရီလ နှင့် ဧပြီလ ကြားတွင် အနည်းဆုံး (၁၀) ဦး ဖမ်းဆီးထိန်းသိမ်းခြင်းခံရသည်။ ထိုသူများသည် ဆန္ဒပြမှုပါဝင်ခြင်း နှင့် ဒေသတွင်း စစ်ဘေးရှောင်များ ကူညီထောက်ပံ့မှုရရှိရန် ကူညီခဲ့သည့်သူများဖြစ်သည်။
၂၀၂၂ ခုနှစ် မတ်လတွင် ဆီဆိုင်မြို့နယ်တွင်း စစ်ဘေးရှောင်စခန်းနေထိုင်သူများအတွက် စားနပ်ရိက္ခာကူညီပံ့ပိုးရန် သွားရောက်ခဲ့သည့် အမျိုးသမီးသုံးဦးနှင့် အသက် ၁၈ မပြည့် သေးသည့်လူငယ်အပါအဝင် လူငယ် (၆) ဦးကို စစ်တပ်မှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

ဒေသတွင်းစစ်ဘေးရှောင်များကို သွားရောက်ကူညီခဲ့သည့် တောင်ကြီးဒေသခံ လူငယ်တစ်ဦးအဖမ်းခံရပြီး တောင်ကြီးခရိုင်တရားရုံးက "အကြမ်းဖက်အဖွဲ့အစည်း နှင့် ဆက်သွယ်ခြင်း" ပုဒ်မတပ်ပြီး ထောင်ဒဏ်ဆယ်နှစ် ချလိုက်သည်။[1] တောင်ကြီးမြို့နှင့် အနီးတဝိုက်ရှိ စစ်ဘေးရှောင်စခန်းနေထိုင်သူများကို ကူညီထောက်ပံ့သည့်သူမှန်သမျှ စစ်တပ်မှ လိုက်လံရှာဖွေဖမ်းဆီးမှုများ ပြုလုပ်ခဲ့သည်။ သူတို့၏ Kpay ငွေပေးချေမှု မှတ်တမ်းများကို စစ်ဆေးခြင်းခံရပြီး၊ ပြည်သူ့ကာကွယ်ရေးတပ်မတော်- PDFs အင်အားစုကို ကူညီထောက်ပံ့သည့်သူများဟု စွပ်စွဲခံရသည်။

## ဒေသတွင်းစစ်ဘေးရှောင်များနှင့် အမျိုးသမီးများအပေါ်သက်ရောက်မှု အခြေအနေ

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်နေ့ထိ မြန်မာနိုင်ငံတွင် ဒေသတွင်းစစ်ဘေးရှောင်နေရသူများ (၈၇၃,၀၀၀) ဦးရှိကာ ထိုအထဲမှ (၅၀၂,၆၀၀) ဦးသည် စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း သူတို့နေထိုင်ရာဒေသအတွင်း မလုံခြုံမှုနှင့် ပဋိပက္ခတိုးပွားလာမှုကြောင့် ရွှေ့ပြောင်းထွက်ပြေးကြရသူများဖြစ်သည်။[2] ၂၀၂၂ ခုနှစ် ဧပြီ ၄ ရက်နေ့ထိ အမျိုးသား၊ အမျိုးသမီး နှင့် ကလေးအပါအဝင် (၉၀၇,၃၀၀) ဦးသည် နိုင်ငံအတွင်း စစ်ဘေးရှောင်စခန်းများ၌ နေထိုင်ကြရပြီး၊ ထိုအထဲမှ (၂၃၄,၆၀၀) ဦးက နိုင်ငံ၏အရှေ့တောင်ဖက်၊ (၂၂၇,၃၀၀) ဦးက နိုင်ငံ၏ အနောက်မြောက်ဖက်သို့ ရွှေ့ပြောင်း နေထိုင်ခဲ့ကြရပါသည်။[3] ၂၀၂၂ ခုနှစ် နှစ်ဆန်းပိုင်းတွင် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) သည် ကရင်နီပြည် (ကယားပြည်နယ်)မှ ရှမ်းပြည်နယ်တွင်းသို့ တိမ်းရှောင်လာသော ဒေသတွင်း စစ်ဘေးရှောင် နေထိုင်သူများအတွက် အရေးပေါ်ကူညီထောက်ပံ့နိုင်ရန် တောင်ကြီး မြို့တွင် ယာယီရုံးဖွင့် အခြေချခဲ့သည်။[4] ၂၀၂၂ ခုနှစ် မတ်လ ၁ ရက်နေ့ကစပြီး ဒေသတွင်းစစ်ဘေးရှောင်နေထိုင်သူများသည် ရှမ်းပြည်တောင်ပိုင်းတွင် (၅၆,၃၀၀) ဦး နှင့် ရှမ်းပြည်မြောက်ပိုင်းတွင် (၆,၆၀၀) ဦး ထိရှိလာသည်။[5] ဒေသတွင်းစစ်ဘေးရှောင် နေထိုင်သူအများစုသည် အမျိုးသမီးများ နှင့် မိန်းကလေးငယ် များဖြစ်ကြသည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလထိ ရှမ်းပြည်တောင်ပိုင်း တောင်ကြီးခရိုင်တွင်း စစ်ဘေးရှောင်နေထိုင်ရာစခန်း (၆) ခုတွင် ကိုယ်ဝန်ဆောင်အမျိုးသမီး (၁၉) ဦး ရှိခဲ့သည်။ ၂၀၂၂ ခုနှစ် မတ်လထိ တောင်ကြီးမြို့နယ်ရှိ ဒေသတွင်းစစ်ဘေးရှောင်နေထိုင်ရာစခန်း (၄) ခုတွင် ကိုယ်ဝန်ဆောင်အမျိုးသမီး (၁၁) ဦး ရှိခဲ့သည်။ နှစ်လအတွင်း၌ တောင်ကြီးခရိုင်တွင်း စစ်ဘေးရှောင်နေထိုင်သူစခန်းများ၌ ကိုယ်ဝန်ဆောင် အမျိုးသမီး အယောက် (၃၀) ရှိလာခဲ့ သည်။

ကိုဗစ်-၁၉ ကပ်ရောဂါအစပိုင်းကာလ နှင့် စစ်တပ်အာဏာသိမ်းမှု ဖြစ်ပွားပြီးနောက် ဒေသတွင်းအမျိုးသမီးများအပါအဝင် စစ်ဘေးရှောင်နေထိုင်သူ အမျိုးသမီးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြေခံလိုအပ်ချက်များ ဖြစ်သည့် သောက်သုံးရေ၊ အဟာရ နှင့် လုံခြုံသည့်နေရာများ ရရှိမှုပိုမိုခက်ခဲလာပါသည်။

## အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် ကျား-မကွဲပြားမှုအပေါ်အခြေခံသည့် အကြမ်းဖက်မှု အခြေအနေများ

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ မှ ဧပြီလအတွင်း ရှမ်းအမျိုးသမီးရေးရာဆက်သွယ်ဆောင်ရွက်ရေးအသင်း၏ သတင်းအချက်အလက် ကောက်ခံရရှိချက်များအရ ကျား-မ ကွဲပြားမှုအပေါ်အခြေခံသည့် အကြမ်းဖက်မှု(၃၀) မှုရှိပြီး၊ ထိုထဲမှ (၉) မှုသည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ဖြစ်ပြီး၊ ကျန်သည့်အမှုများသည် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု နှင့် အိမ်တွင်းအကြမ်းဖက်မှုတို့ ဖြစ်ကြသည်။ မူးယစ်ဆေးဝါးသုံးစွဲမှု နှင့် လောင်းကစားပြုလုပ်မှု တိုးများလာခြင်းကြောင့် အိမ်တွင်းအကြမ်းဖက်မှုများ ပိုမိုများလာကြောင်း သိရသည်။ ကောက်ယူရရှိထားသည့် အိမ်တွင်းအကြမ်းဖက်မှုများ ထဲတွင် အဓိကကျူးလွန်ခံနေရသူများမှာ အိမ်တွင်းနေထိုင်သည့် အမျိုးသမီးများဖြစ်သော မိခင်၊ ဇနီးမယား၊ ညီမ၊ အစ်မ နှင့် သက်ကြီးရွယ်အိုများဖြစ်ကြသည်။

ကျောက်မဲ နှင့် သီပေါမြို့နယ်များမှာ လိင်ပိုင်းဆိုင်ရာကျူးလွန်မှုနှင့် အကြမ်းဖက်မှုများသည် လက်နက်ကိုင်အဖွဲ့အစည်းများမှ အဖွဲ့ဝင်များက ကျူးလွန်ထားမှုများဖြစ်သည်။ သီပေါမြို့နယ်တွင် လက်နက်ကိုင် အဖွဲ့အစည်း တစ်ဖွဲ့၏ အဖွဲ့ဝင်မှ အမျိုးသမီးတဦးကို ဆွဲပြီးမုဒိန်းကျင့်ရန်ကြိုးစားနေချိန် သူမ၏အမျိုးသားမှ စစ်သားကို ဝင်ရောက်ဟန့်တားပြီး ထိုသို့မလုပ်ရန် တောင်းဆိုခဲ့သည်။ ထို့နောက် လင်မယားနှစ်ယောက်စလုံး ညမိုးချုပ်ထိထိန်းသိမ်းခံရပြီး ထိုအဖြစ်အပျက်ကို မည်သူ့ကိုမှမပြောကြားရန် ခြိမ်းခြောက်မှုကိုလည်း ခံခဲ့ရသည်။ ရွာထဲတွင် ဆက်လက် မနေထိုင်ရဲတော့၍ လင်မယားနှစ်ယောက် ထွက်ပြေးတိမ်းရှောင်ရန် ဆုံးဖြတ်ကာ ထိုင်းနယ်စပ်တစ်နေရာသို့ ရောက်ရှိလာခဲ့သည်။

နောက်ဖြစ်စဥ်တစ်ခုမှာ ရှမ်းပြည်တိုးတက်ရေးပါတီ၏ တပ်ဖွဲ့ဝင် တပ်သားတစ်ဦးက အိမ်ထောင်ရှိသူ အမျိုးသမီးတစ်ဦး၏ ပေါင်ပေါ်ထိုင် စော်ကားလိုက်သည့် အဖြစ်အပျက်ကို ဇနီးသည်က သူမ၏ ခင်ပွန်းအား ပြောပြခဲ့ပြီးနောက် သူမ၏ခင်ပွန်းကလည်း ကျူးလွန်သူကို သွားရောက်ရန်ဖြစ်ခဲ့သည်။ ထို့နောက် ကျူးလွန်သူက ဒေါသထွက်ပြီး ကျူးလွန်ခံရသူအမျိုးသမီး၏ ခင်ပွန်းအား ဓါးဖြင့်ထိုးသတ်ခဲ့သည်။ ထိုအမျိုးသမီးမှာ (၈) လသားအရွယ် ကလေးငယ် တစ်ယောက်နှင့် ကျန်ရစ်ခဲ့သည်။ ထို့နောက် သူမ၏ခင်ပွန်းအလောင်းကို ပြန်ရရန် မေးကြည့်သည့်အခါ သက်ဆိုင်ရာ တာဝန်ရှိသူက မြှုပ်နှံပြီးကြောင်းသာ ပြန်ပြောခဲ့သည်။

## Sources


*[1] https://burmese.shannews.org/archives/27823*
*[2] https://reliefweb.int/report/myanmar/myanmar-asia-pacific-complex-emergency-revised-emergency-appeal-n-mdrmm016*
*[3] https://reliefweb.int/report/myanmar/myanmar-emergency-update-6-april-2022*
*[4] https://www.unhcr.org/news/briefing/2022/2/6206288c4/unhcr-steps-aid-displaced-myanmar-conflict-intensifies.html*
*[5] https://www.mizzima.com/article/conflicts-displace-civilians-myanmars-shan-state*
*Shan Women's Action Network*

# နိဂုံးချုပ် နှင့် အကြံပြုချက်

ရှမ်းပြည်ရှိ စစ်ရေးပဋိပက္ခဖြစ်ပွားသည့် ဒေသများတွင် နေထိုင်ကြရသော ဒေသခံပြည်သူများသည် ထိခိုက်ဒဏ်ရာရရှိမှု၊ သေဆုံးမှုများ ဆက်လက် ကြုံတွေ့နေရပြီး အခြားသော စစ်ဘေးဒဏ်များကိုပါ ခံကြရသည်။ လက်နက်ကိုင်အဖွဲ့အစည်းကြား ပစ်ခတ်တိုက်ခိုက်မှုများကြောင့် တသီးပုဂ္ဂိုလ နှင့် မိသားစုများသည် အိုးအိမ်စွန့်ပစ်ရကာ စစ်ဘေးရှောင်များအဖြစ် ဒေသတွင်းစစ်ဘေးရှောင်စခန်းသစ်များတွင် နေထိုင်ကြရသည်။ ထို့ပြင် ပိုမိုများပြားလာသော ဒေသတွင်းစစ်ဘေးရှောင်များသည် စခန်းတွင်းတွင် ဆုတ်ရုတ်လာသော နေထိုင်မှုများကိုပါ ကြုံတွေ့ကြရသည်။ လက်နက်ကိုင်အဖွဲ့အစည်းများ၏ တပ်ဖွဲ့ဝင်များနှင့် စစ်ကောင်စီ၏ တပ်ဖွဲ့ဝင်များက လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ကျူးလွန်နေပြီး ဒေသခံပြည်သူများကို မတရားဖမ်းဆီးခြင်း၊ နှိပ်စက်ခြင်း နှင့် သတ်ဖြတ်ခြင်းတို့ကို ပြုလုပ်လျက်ရှိသည်။

လက်ရှိ ရှမ်းပြည်တွင်း ဖြစ်ပေါ်နေသော တရားဥပဒေမဲ့ အခြေအနေများကြောင့် ပစ်မှုကျူးလွန်ခံရသည့် အမျိုးသမီးဦးရေ ပိုမိုများပြားလာပါသည်။ အမျိုးသမီးများသည် အိမ်ပြင်ထွက်အလုပ်လုပ်ရန် လုံခြုံမှုနည်းလာပြီး အိမ်တွင်းကိစ္စများကိုသာ လုပ်ဆောင်ကြရသည်။ ထို့အပြင် လူမှုအသိုင်းအဝိုင်းတွင်း တိုးများလာနေသည့် ကျား-မ ကွဲပြားမှုအပေါ်အခြေခံသည့် အကြမ်းဖက်မှုများကိုလည်း ရင်ဆိုင်ကြရသည်။ တရားမျှတမှုရရှိရန်အတွက် ထိုကျူးလွန်ခံရမှုများကို သက်ဆိုင်ရာ တရားရေးအာဏာပိုင်များသို့ မတိုင်ကြားနိုင်ခြင်း၊ ဥပဒေရေးရာဝန်ဆောင်မှု နှင့် အခြားအကျိုးဆောင်မှုများ မရရှိနိုင်ခြင်း၊ ထို့အပြင် အများအားဖြင့် ကျူးလွန်သူများသည် ဒေသခံအာဏာပိုင်အဖွဲ့အစည်း၊ လက်နက်ကိုင်တပ်ဖွဲ့ဝင်များ (သို့) စစ်ကောင်စီ/စစ်တပ်၏ တပ်သားများ ဖြစ်နေကြသည်။

လက်နက်ကိုင်အဖွဲ့အစည်းများ နှင့် လူသားခြင်းစာနာ ထောက်ထားမှု အကူအညီပေးရေး အဖွဲ့အစည်းများအား ဒေသခံပြည်သူလူထု၏ လုံခြုံရေး နှင့် ဒေသတွင်းစစ်ဘေးရှောင်များအတွက် လူသားခြင်းစာနာထောက်ထားမှု အကူအညီများရရှိစေရေး သေချာစေရန် SWAN (စွမ်း) မှ လေးနက်စွာတိုက်တွန်းအပ်ပါသည်။

Contact info:

Kenneri@shanwomen.org

@Shanwomen

www.shanwomen.org